**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

**Website:** chinland.org **Email:** cnf.headquarters@gmail.com

# (၂၈) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

၂၀၁၆ ခုနှစ်၊ မတ်လ (၂၀) ရက်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဒီမိုကရေစီထွန်းကားပြီး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော အမျိုးသားပြည်နယ်များကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအတွက် အမျိုးသားရေးတိုက်ပွဲဝင်လာခဲ့သည့် (၂၈) နှစ်မြောက်၊ ချင်းအမျိုးသား တော်လှန်ရေးနေ့ ပင် ဖြစ်သည်။ ဤနေ့ထူးနေ့မြတ် အချိန်အခါ၌ အမျိုးသားရေးအတွက် အသက်ပေးလှူသွားကြသော ချင်းအမျိုးသားတပ်ဦး / တပ်မတော်မှ အာဇာနည်ရဲဘော်ရဲမေများ၊ ချင်းမျိုးချစ်ပုဂ္ဂိုလ်များနှင့် ချင်းပြည်သူအပေါင်းတို့အား ဦးညွှတ်ဂါရဝ ပြုပါသည်။

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ပြီး လွတ်လပ်ခြင်း၊ တန်းတူခြင်းနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် အပြည့်အဝရှိသည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ပင်လုံစိတ်ဓါတ်ကို အခြေခံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပနေချိန်ဖြစ်သည်။ မကြာခင် တက်လာမည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်ရှိအစိုးရအကြား ဖော်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမို ပြည့်စုံခိုင်မာအောင် ဆက်လက်ဖော်ဆောင်သွားရန် တိုက်တွန်းသည်။

ချင်းအမျိုးသားတပ်ဦးသည် ၎င်း၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းရေး မဟာဗျူဟာကို ချမှတ်ထားသည်နှင့်အညီ အစိုးရနှင့် ပဏာမ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ဆိုခြင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောစာချုပ် လက်မှတ်ရေးထိုးခြင်းတို့ကို အဆင့်ဆင့်ပြုလုပ်ခဲ့ပြီး နိုင်ငံရေး တွေ့ဆုံဆွေးနွေးခြင်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုမှတဆင့် ချင်းအမျိုးသားနိုင်ငံရေးဘုံ သဘောတူညီချက်ရယူပြီး ဆက်လက်ဆွေးနွေး အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

(၂၈) နှစ် တိုင်တိုင် အလံမလှဲ၊ တိုက်ပွဲဝင်လျက်ရှိသည့် ချင်းအမျိုးသားတပ်ဦး/ တပ်မတော်သည် အမျိုးသား နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်ရောက်ရှိသည်အထိ ချင်းပြည်သူများနှင့် တွဲလက်မဖြုတ်တမ်း ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်သည်။ ယနေ့ကာလသည် နှစ်ပေါင်း ( ၆၇) ကျော် နှစ်နာဆုံးရှုံးခဲ့သော ချင်းအမျိုးသားအခွင့်အရေးများ ပြန်လည်ရရှိရေးအတွက် အရေးကြီးဆုံးနှင့် အသိမ်မွေ့ဆုံးသော နိုင်ငံရေး အချိုးအကွေ့တွင် ရောက်ရှိနေပါသည်။ ထို့ကြောင့် လက်ရှိ ချင်းအမျိုးသားအရေး၊ မြန်မာ့နိုင်ငံရေး အလှည့်အပြောင်းတွင် အမျိုးသားရေးသတိရှိရှိဖြင့် ကျရာ အခန်းကဏ္ဍအသီးသီးမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပါရန် ချင်းအမျိုးသားတရပ်လုံးအား နှိုးဆော်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
၂၀၁၆ ခုနှစ်၊ မတ်လ (၂၁) ရက်

Chin National Front – General Headquarters, Chinland